# Myanmar Health Assistant Association
# Vacancy Announcement
# (Reannouncement)
# (VA-014/2025 MHAA-HR)

| | |
|---|---|
| **ရာထူးအမည်** | **Health Promotor** |
| **အရေအတွက်** | **၁ ဦး** |
| **စီမံချက်အမည်** | Accelerating Access to Essential Healthcare through Community Empowerment and Innovation Project (ACE-KKM) |
| **ခန့်ထားမည့်ဒေသ** | **လှိုင်းဘွဲ့မြို့နယ်၊ ကရင်ပြည်နယ်။** |
| **အစီရင်ခံရမည့်သူ** | Medical Officer |
| **ရာထူးအဆင့်** | B1 |
| **လျှောက်လွှာပိတ်ရက်** | **၆ ရက်နေ့ ဇွန်လ ၂၀၂၅ ခုနှစ်** |

**မြန်မာနိုင်ငံကျန်းမာရေးမှူးအသင်း (MHAA)** သည် ကျန်းမာရေးမှူးများနှင့် ဖွဲ့စည်းထားပြီး ကျန်းမာရေးဆိုင်ရာမြှင့်တင်ခြင်း၊ ကာကွယ်ခြင်းနှင့် ရောဂါထိန်းချုပ်ခြင်းများမှတဆင့် ပြည်သူ့ကျန်းမာရေး ဝန်ဆောင်မှုများကို လက်လှမ်းမီညီမျှသော အရည်အသွေးရှိသော ပြည်သူ့ကျန်းမာရေးပညာရှင်များ စုစည်းထားသော အမျိုးသားအသင်းအဖွဲ့ ဖြစ်သည်။ **MHAA** သည် ပြည်သူလူထု၏ ယုံကြည်မှုနှင့် နိုင်ငံတကာအသိအမှတ်ပြုမှုကို ရရှိသော စည်းလုံးညီညွတ်သည့် လွတ်လပ်သော အဖွဲ့အစည်းတစ်ခု အဖြစ်ရပ်တည်သော အဖွဲ့အစည်းဖြစ်သည်။ **MHAA** သည် မြန်မာနိုင်ငံရှိ ကျန်းမာရေးအစီအစဉ်များကို အကောင်အထည်ဖော်ဆောင်သည့် ရပ်ရွာလူထုများ၏ သုခချမ်းသာအတွက် ညှိနှိုင်းခြင်း၊ ထိရောက်ပြည့်စုံသော ကျန်းမာရေးစောင့်ရှောက်မှု နှင့် ဝန်ဆောင်မှုများကို ပိုမိုခိုင်မာစေရန်နှင့် တိုးတက်စေရန် အာရုံစိုက်သည်။ **MHAA** သည် လက်ရှိမြန်မာနိုင်ငံ၏ (၉၄)မြို့နယ်ရှိ ရောဂါထိန်းချုပ်ရေး၊ RMNCH, NUTRITION, WASH, HSS နှင့် အရေးပေါ်တုန့်ပြန်မှုများနှင့်အတူ စီမံကိန်းအမျိုးမျိုးကို လုပ်ကိုင်နေပါသည်။ **MHAA** ၏ ရုံးချုပ်သည် ရန်ကုန်တွင်ရှိပြီး ရုံးခွဲများသည် ပြည်နယ်/တိုင်း၊ ခရိုင်/မြို့နယ် အဆင့်အားလုံးတွင် တည်ရှိသည်။ **MHAA** ၏ အဓိကတန်ဖိုးများမှာ - တာဝန်ယူမှု၊ ဂုဏ်သိက္ခာရှိမှု၊ ကိုယ်ကျင့်စာနာစိတ်ရှိမှု၊ လူသားဂုဏ် သိက္ခာအားလေးစားမှု၊ ပရော်ဖက်ရှင်နယ်ဆန်မှုနှင့် ခွဲခြားဆက်ဆံမှုမရှိခြင်း စသည်တို့ဖြစ်သည်။ **MHAA** အကြောင်းကို ပိုမိုသိရှိလိုပါက www.myanmarhaa.org တွင် ကြည့်ရှုနိုင်ပါသည်။

**အဓိကဆောင်ရွက်ရမည့်တာဝန်များ**

- ❖ ကျန်းမာရေးမြှင့်တင်ခြင်း၊ သန့်ရှင်းသောရေ၊ ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် ရပ်ရွာအခြေပြု ကူးစက်ရောဂါ ထိန်းချုပ်ရေး စသည့်လုပ်ငန်းများနှင့် ပတ်သက်၍ ကျေးရွာများမှ ဦးတည်အုပ်စုများ၊ စခန်းစီမံခန့်ခွဲမှု ကော်မတီများနှင့် အခြားသက်ဆိုင်သူများကို စည်းရုံးလှုံ့ဆော် ပေးရမည်။
- ❖ ကူးစက်ရောဂါကာကွယ်ခြင်းနှင့် မျိုးဆက်ပွားကျန်းမာရေး လုပ်ငန်းများနှင့် ပတ်သက်၍ ကျန်းမာရေး မြှင့်တင်ခြင်းအတွက် သတ်မှတ်ထားသော စစ်ရှောင်စခန်းများနှင့် ကျေးရွာများမှ စီမံခန့်ခွဲမှုကော်မတီများနှင့် ကျေးရွာခေါင်းဆောင်များအား စည်းရုံးလှုံ့ဆော်ခြင်းနှင့် ပံ့ပိုးကူညီခြင်းများ ပြုလုပ်ပေးရမည်။
- ❖ စစ်ရှောင်များနှင့် ကျေးရွာများတွင် ချမှတ်ထားသော ကျန်းမာရေး ပညာပေးခြင်း ဆိုင်ရာ လမ်းညွှန်မှုများအတိုင်း ကျန်းမာရေးပညာပေး အစီအစဉ်များကို စီစဉ်ဆောင်ရွက် ရပါမည်။
- ❖ ဆေးခန်းဖွင့်ရာတွင် သွေးပေါင်ချိန်ပေးခြင်း၊ လက်မောင်းလုံးပတ်တိုင်းပေးခြင်း၊ ကိုယ်အလေးချိန်ပေးခြင်း စသည်ဖြင့် လုပ်ဆောင်ပေးရပါမည်။
- ❖ သတ်မှတ်ထားသော စစ်ရှောင်စခန်းနှင့် ကျေးရွာများအတွက် မိခင်ကလေးကျန်းမာရေး၊ ကူးစက်တတ်သောရောဂါများ ကာကွယ်တားဆီးရေး၊ မျိုးဆက်ပွား ကျန်းမာရေး / အာဟာရ စသည့်လုပ်ငန်းများအတွက် ဒေသအလိုက် လိုက်လျောညီထွေမှုရှိသည့် အပြုအမူ ပြောင်းလဲခြင်းဆိုင်ရာ နည်းဗျူဟာများ ရေးဆွဲရာတွင် ပါဝင်ကူညီဆောင်ရွက်ပေးရမည်။
- ❖ သတ်မှတ်ထားသော ပြည်သူလူထုမှ နားလည်လက်ခံနိုင်သော ကျန်းမာရေးအသိပညာပေးခြင်းဆိုင်ရာ လက်ကမ်းစာစောင်များ၊ ပိုစတာများစသည်တို့ ထုတ်ဝေရာတွင် ပါဝင်ကူညီဆောင်ရွက်ပေးရမည်။
- ❖ ဦးဆောင်ကျင်းပသည့် သင်တန်းများ၊ စီမံချက်အားစောင့်ကြည့်လေ့လာခြင်းနှင့် ပြန်လည်အကဲဖြတ်ခြင်း လုပ်ငန်းများတွင် ပါဝင်ကူညီဆောင်ရွက်ရမည်။
- ❖ ဆေးခန်းမှဆရာ/ဆရာမများနှင့် ပူးပေါင်းပြီး ဆေးခန်းတွင် ကျန်းမာရေးအသိပညာ ပေးခြင်းများလည်း ပါဝင်ဆောင်ရွက်ပေးရမည်။

**အထွေထွေ တာဝန်များ**

- ❖ လူထုကျန်းမာရေးတာဝန်ခံ အရာရှိ၏ ပံ့ပိုးမှုဖြင့် လစဉ်လုပ်ငန်းအစီအစဉ်များကို ရေးဆွဲရန်။
- ❖ စီမံချက်အတွက်လိုအပ်သော အရာများဝယ်ယူပြင်ဆင်ရာတွင် ကူညီရန်။
- ❖ လုပ်ဖော်ကိုင်ဖက်များ၊ ကျေးရွာလူထုနှင့် ရပ်ရွာအကျိုးလုပ်ကိုင်သူများနှင့် ကောင်းမွန်စွာ ဆက်သွယ်မှု ပြုရန်။
- ❖ စီမံချက်အတွက် အရည်အသွေးပြည့်ဝသော လုပ်ဆောင်မှုများကို အချိန်မီ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် အထောက်အပံ့ပေးသော ဌာနများ (ငွေစာရင်းဌာန၊ စီမံခန့်ခွဲရေးဌာန) နှင့် ပူးပေါင်းဆောင်ရွက်ရန်။

- ❖ ချမှတ်ထားသော အစီရင်ခံစာပုံစံအရ စီမံချက်လုပ်ဆောင်မှု အချက်အလက်များကို ဖြည့်သွင်းခြင်းများ ပြုလုပ်ပြီး လစဉ် အစီရင်ခံစာတင်ရန်။
- ❖ ကြီးကြပ်သူမှ အခါအားလျော်စွာ ပေးအပ်လာသော အခြားတာဝန်များကိုလည်း လုပ်ဆောင်ပေးရန်။
- ❖ ချမှတ်ထားသော စည်းမျဉ်း၊ စည်းကမ်းများကို လေးစားလိုက်နာရန်။

**<u>လိုအပ်သောအရည်အချင်းများ</u>**

- ❖ အနည်းဆုံးအခြေခံ ပညာအထက်တန်း အောင်မြင် ပြီးသူ (သို့မဟုတ်) လုပ်ငန်းနှင့် ကိုက်ညီသော ပညာ အရည်အချင်းရှိသူ ဖြစ်ရမည်။
- ❖ လူထုပူးပေါင်းပါဝင်လာစေရန် စည်းရုံးလှုံ့ဆော်မှုများတွင် အတွေ့အကြုံရှိသူ ဖြစ်ရမည်။
- ❖ အခြေခံကွန်ပြူတာ သုံးနိုင်သူဖြစ်ရမည်။
- ❖ ကျန်းမာရေးပညာပေးခြင်းနှင့် လူထုကျန်းမာရေးမြှင့်တင်ခြင်းလုပ်ငန်းများကို စိတ်ပါဝင်စားသူ ဖြစ်ရမည်။
- ❖ ဒေသခံဘာသာစကားနားလည် ပြောဆိုနိုင်သူဖြစ်ရမည်။
- ❖ လူမှုဆက်ဆံရေးကောင်းမွန်သူဖြစ်ရမည်။
- ❖ အသင်းအဖွဲ့များနှင့် ကောင်းမွန်စွာ စုပေါင်းလုပ်ဆောင်နိုင်သူဖြစ်ရမည်။
- ❖ ကားစီးပြီး ခရီးသွားနိုင်သူ ဖြစ်ရမည်။
- ❖ သက်ဆိုင်ရာစီမံချက်မြို့နယ်မှ လျှောက်ထားသူဒေသခံအား ဦးစားပေးမည်။
- ❖ ဝေးလံသော စစ်ရှောင်စခန်းများနှင့် ကျေးရွာများသို့ ခရီးသွားနိုင်သူဖြစ်ရမည်။
- ❖ ချမှတ်ထားသော စည်းမျဉ်း၊ စည်းကမ်း များကို လိုက်နာနိုင်သူဖြစ်ရမည်။

**လျှောက်လွှာညွှန်ကြားချက်များ**

စိတ်ပါဝင်စားသူသည် ကိုယ်ရေးရာဇဝင်နှင့် အလုပ်လျှောက်ထားလွှာကို (Word ဖိုင် သို့မဟုတ် PDF ဖိုင်ဖြစ်စေ) hr.recruitment@myanmarhaa.org သို့ ပေးပို့မည့် ခေါင်းစဉ်အဖြစ် “**Health Promotor VA-014/2025 MHAA-HR**” ဟု ရေးသား၍လည်းကောင်း (သို့မဟုတ်) သက်ဆိုင်ရာမြို့နယ် စီမံချက်ရုံးအသီးသီးသို့ လည်းကောင်း ပေးပို့လျှောက်ထား နိုင်ပါသည်။ လျှောက်ထားရန် နောက်ဆုံးရက်မှာ **၆ ရက်နေ့ ဇွန်လ ၂၀၂၅ ခုနှစ်** ဖြစ်သည်။

- **လျှောက်ထားသောနေရာကို မှန်ကန်စွာဖော်ပြထားခြင်းမရှိသော လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။**
- **ရွေးချယ်ခံရသော လျှောက်လွှာရှင်များကိုသာ တွေ့ဆုံမေးမြန်းရန်အတွက် ဆက်သွယ်မည်ဖြစ်သည်။**
- **နောက်ဆုံးပေးပို့ရမည့် နေ့ရက်နှင့် အချိန်ထက် နောက်ကျမှ ရောက်ရှိလာသော လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။**

**HR Unit**
**Myanmar Health Assistant Association (MHAA)**
**TB Hospital Road, Aung San, Insein Township, Yangon, Myanmar.**
**Phone: (+95) 9409832273,**
**Email: hr.recruitment@myanmarhaa.org**

**MHAA** သည် တန်းတူညီမျှအခွင့်အရေးရရှိသော အဖွဲ့အစည်းဖြစ်သည်။ လူမျိုး၊ ဘာသာ၊ အသက်၊ ကျား၊မ၊ လိင်စိတ်တိမ်းညွတ်မှု၊ မသန်စွမ်းမှု စသည်တို့ခွဲခြားမှုမရှိဘဲ အရည်အချင်းပြည့်မီသော လျှောက်ထားသူအားလုံးထံမှ လျှောက်လွှာများကို ကျွန်ုပ်တို့မှ ကြိုဆိုပါသည်။ MHAA တွင် လိမ်လည်မှုနှင့် အကျင့်ပျက်ခြစားမှု၊ လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်မှု၊ နှောင့်ယှက်မှုနှင့် အလွဲသုံးစားပြုမှုကို (လုံး၀) လက်မခံသော အဖွဲ့အစည်းဖြစ်ပြီး ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေးနှင့် MHAA ၏ကျင့်ဝတ်ဆိုင်ရာ ကတိကဝတ်များကို ဝန်ထမ်းအားလုံးမှ လေးစားလိုက်နာရသော အဖွဲ့အစည်း ဖြစ်သည်။